# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန

**National Community Driven Development Project**

**လူထုဗဟိုပြုစီမံကိန်း**




မြို့ဟောင်းကျေးရွာ ကော့နွဲ့ကျေးရွာအုပ်စု၊ ကော့ကရိတ်မြို့နယ်၊ ကရင်ပြည်နယ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

၂၀၁၉ ခုနှစ်


မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ၁။ ကော့ကရိတ်မြို့နယ် အခြေပြမြေပုံ ........................................ | ၂ |
| ၂။ ကျေးရွာအုပ်စု အခြေပြမြေပုံ ........................................ | ၃ |
| ၃။ကော့နွဲကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း ........................................ | ၃ |
| ၄။ ကျေးရွာသမိုင်းကြောင်း နှင့် ကျေးရွာအခြေခံ အချက်အလက်များ | |
| ၄.၁။ ကျေးရွာသမိုင်းကြောင်း ........................................ | ၄-၇ |
| ၄.၂။ ကျေးရွာရှိ အိမ်ခြေ၊ အိမ်ထောင်စုနှင့် လူဦးရေ ........................................ | ၈ |
| ၄.၃။ တိုင်းရင်းသားလူမျိုးစုများ ဦးရေ ........................................ | ၈ |
| ၄.၄။ ထိခိုက်လွယ်သောအိမ်ထောင်စုများအရေအတွက် ........................................ | ၈ |
| ၄.၅။ ကျေးရွာတွင်းရှိအထောက်ပံ့ရရှိနိုင်သော အဆောက်အအုံများ ........................................ | ၈ |
| ၄.၆။ ကျေးရွာသူ/သားများ၏ အဓိက စီးပွါးရေးလုပ်ငန်းများ ........................................ | ၈ |
| ၄.၇။ ကျေးရွာတွင်းပိုင်ဆိုင်မှု၊ မြေယာဧရိယာနှင့် သဘာဝသယံဇာတများ ........................................ | ၈ |
| ၄.၈။ ကျေးရွာတွင်းအခြားသက်ဆိုင်သော သတင်းအချက်အလက်များ........................................ | ၈ |
| ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် အကျဉ်းချုပ်ဇယား .... | ၉ |
| ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုသောPRA Tool တစ်ခုချင်းစီ၏ သုံးသပ်ချက်များ | |
| ၆.၁။ ကျေးရွာလူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ (Social and Resource Map) ...... | ၁၀-၁၁ |
| ၆.၂။ ရာသီခွင်ပြ-ပြက္ခဒိန် (Seasonal Calendar) ........................................ | ၁၂-၁၃ |
| ၆.၃။ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း (Wealth Ranking) ........................................ | ၁၄-၁၅ |
| ၆.၄။ ကျား-မ ပင့်ကူအိမ်သုံးသပ်ခြင်း (Spider Diagram) ........................................ | ၁၆-၁၇ |
| ၆.၅။ ပိုင်ဆိုင်မှုသုံးသပ်ခြင်း (Asset Mapping) ........................................ | ၁၈-၁၉ |
| ၆.၆။ အဖွဲ့အစည်းချိတ်ဆက်မှုဇယား (Venn diagram) ........................................ | ၂၀-၂၁ |
| ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံ ... | ၂၂ |
| ၈။ ကျေးရွာကော်မတီဝင်များစာရင်း ........................................ | ၂၃ |
| ၉။ ကျေးရွာအခြေခံအချက်အလက် ပုံစံ စ - ၁ (PC – 1) ........................................ | ၂၄-၂၇ |
| ၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား ပုံစံ စ - ၂ (PC – 2) ........................................ | ၂၈ |
| ၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ပုံစံ စ - ၃ (PC – 3) ........................................ | ၂၉-၃၁ |
| ၁၂။ ကျေးရွာပထမအကြိမ်၊ ဒုတိယအကြိမ် အစည်းအဝေးမှတ်တမ်း ........................................ | ၃၂ |
| ၁၃။ကဏ္ဍအလိုက်အနှစ်ချုပ်ဇယား ........................................ | ၃၃ |

# ၁။ ကော့ကရိတ်မြို့နယ် အခြေပြမြေပုံ



## ၂။ ကော့နွံကျေးရွာအုပ်စုအခြေပြမြေပုံ




## ၃။ကော့နွံကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာများစာရင်း

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စု | ကျား | မ | လူဦးရေပေါင်း |
|---|---|---|---|---|---|
| ၁။ | မြို့ဟောင်း | ၄၀ | ၁၃၀ | ၁၀၈ | ၂၃၈ |
| ၂။ | ကော့နွံ | ၉၅ | ၂၄၃ | ၂၈၁ | ၅၂၄ |
| ၃။ | ကျောက်စရစ်ကုန်း | ၂၇ | ၆၃ | ၅၇ | ၁၂၀ |

## ၄။ ကျေးရွာသမိုင်းကြောင်း နှင့် ကျေးရွာအခြေခံ အချက်အလက်များ

### ၄.၁။ မြို့ဟောင်းကျေးရွာသမိုင်းကြောင်း

မြို့ဟောင်းရွာသည် ကော့ကရိတ်မြို့၏ အရှေ့တောင်ဘက်(၄)မိုင်ခန့်အကွာတွင်တည်ရှိသော ကျေးရွာတစ်ရွာဖြစ်သည်။ မြန်မာ့အမည် မြို့ဟောင်းအဖြစ်ခေါ်ဝေါ်နေခြင်းမှာ ၎င်းရွာအနီး၌ တည်ရှိခဲ့သောမြို့ဟောင်းကိုအမှီပြု၍ မြို့ဟောင်းရွာဟု ခေါ်တွင်ခြင်းဖြစ်သည်။

၎င်းမြို့ဟောင်းရွာနှင့် (၃)မိုင်ခန့်ဝေးကွာသော နေရာ၌ မြို့တည်ရှိခဲ့ဖူးကြောင်း တွေ့ရှိရသော အထောက်အထားများမှာ အုတ်မြို့ရိုးများနှင့် ကျိုးဖြစ်ဟန်တူသော ရေကန်များ ယနေ့တိုင်အထင်အရှားတွေ့ရှိရခြင်းဖြစ်သည်။ ၎င်းမြို့ရိုး၌ အသုံးပြုခဲ့သော အုတ်များမှာ ယနေ့အသုံးပြုသော အုတ်များထက် အရွယ်အစား ကြီးမားခိုင်ခန့်သည့်အပြင် အချို့အုတ်များမှာ ယနေ့ထက်တိုင် အကောင်းပကတိအတိုင်းတွေ့ရှိရသည်။

တိုင်းရင်းသားဒေသခံများက မြို့ဟောင်းရွာသည် ယခင်က ရှင်ဘုရင်များ မြို့တည်ခဲ့ပြီး မြို့ဟောင်းအနီး မြို့ရိုးနေရာတပိုက်မှာနန်းတော်ရာဖြစ်ကြောင်းပြောဆိုကြသဖြင့်သမိုင်းသုတေသီများ လေ့လာသင့်လှသော ရွာတစ်ရွာဖြစ်သည်။

ရှည်ကြာခဲ့သော အတိတ်နှောင်းက မင်း၊ မြို့စားများ မြို့ပြထူထောင် ထီးနန်းစိုက်ထူ စိုးစံခဲ့သော နေရာဒေသဌာနသည် ယခုအခါ၌ ကျေးရွာငယ်တစ်ရွာအဖြစ်သာ တည်ရှိနေလေသည်။ ရှေးက တံခါးစောင့်ခံတပ်မြို့က ဖြစ်ခဲ့သော ဒွါရပူရမြို့သည် မြို့ရံများနှင့် စည်ပင်ခဲ့သော်လည်း ယခုအခါ မြို့ဟောင်းရွာကလေးအဖြစ် အမည်တွင်လေသည်။ သို့ရာတွင် ဤဒေသ၌ နေထိုင်ကြသော ဒေသခံတိုင်းရင်းသားတို့က တစ်ခေတ်တစ်ခါက ရှေးမင်းများ ထီးမြို့၊ နန်းမြို့ဖြစ်ခဲ့ပြီး ကြီးကျယ်စည်ပင်ခဲ့သည်ကို ဂုဏ်ယူဖွယ်အဖြစ် ပြောဆိုလျက်ရှိကြသည်။

ကော့ကရိတ်မြို့ အရှေ့တောင်ဘက်(၅)မိုင်ခန့်အကွာတွင် မြို့ဟောင်းအမည်ရှိသော ရွာကလေးတည်ရှိသည်။ ဤရွာကလေးတွင် မျက်မှောက်၌ ဒေသခံကရင်၊ ပအို့ဝ်၊ ရှမ်းတိုင်းရင်းသားများ ချစ်ကြည်ရင်းနှီးစွာ ရောနှောနေထိုင်ကြသည်။ မြို့ဟောင်းရွာကလေးသည် ကော့နွဲ့ကျေးရွာအုပ်စုတွင် ပါဝင်လျက် အိမ်ခြေ(၄၀)ခန့်သာရှိပြီး အားလုံး ဗုဒ္ဓဘာသာကိုးကွယ်ကြသည်။ လူနေအိမ်များမှာ သာမန်အားဖြင့် သစ်သားအိမ်၊ ဝါးအိမ်သာရှိသော်လည်း တစ်ကျောင်းတည်းသာ ရှိသော ဘုန်းတော်ကြီးကျောင်းကိုမူကား ခဲ့တည်စွာ တည်ဆောက်ကိုးကွယ်လျက်ရှိသည်။

မျက်မှောက်၌ မြို့ဟောင်းရွာတည်ရာအရပ်သည် ရွာသစ်နေရာဖြစ်သည်။ ရှေးက မြို့ဟောင်းအဖြစ် တည်ရှိခဲ့သော တံခါးစောင့်ခံတပ်မြို့သည် ရွာ၏မြောက်ဘက်တစ်မိုင်ခန့်တွင် တည်ရှိသည်။ တောင်ခြေနှင့် နီးကပ်၍ငှက်ဖျားရောဂါ ထူပြောသဖြင့် လွန်ခဲ့သော နှစ်(၃၀)ခန့်က ဤနေရာတွင်ပြောင်းရွှေ့ရွာတည်ခဲ့သည်။ ခေတ်အခြေအနေအရ ရွာပျက်၊ ကျောင်းပျက်အခိုက်အတန့် ဖြစ်ခဲ့ပြီး ယခုအခါ ဘုန်းတော်ကြီးကျောင်း၊

စာသင်ကျောင်းနှင့်ကျေးရွာနယ်လှည့်ဆေးခန်းများရှိလာသည်ဟုစာရေးသူ(၂၈.၅.၀၅)နေ့ ရောက်ရှိစဉ်က ကျောင်းထိုင် ဆရာတော် ဦးပဏ္ဍိတက မိန့်ကြားပါသည်။

ကျောင်းထိုင်ဆရာတော် ဦးပဏ္ဍိတသည် သက်တော်(၆၉)နှစ်၊ သိက္ခာတော်(၄၅)ဝါ ရှိသည်။ ခမည်းတော်ပအိုဝ်း အမျိုးသား ဦးမောင်ထွန်းသည် ရှမ်းပြည်နယ်မိုးနဲဒေသမှ မြို့ဟောင်းရွာသို့ ဂျပန်ခေတ်က ရောက်ရှိလာ၍ မယ်တော်ကရင် အမျိုးသမီး ဒေါ်နန်းအုပ်မှာ ကော့ကရိတ်ဒေသခံဖြစ်သည်။ ဆရာတော် ဦးပဏ္ဍိတသည် မြို့ဟောင်းရွာမြောက်ဘက်တစ်မိုင်ခန့်တွင် စေတီငုတ် တိုဟောင်းတစ်ဆူ တွေ့ရှိ၍ ပြန်လည်တည်ထားပြုပြင်ခဲ့သည်။ ထိုနေရာတူးထုတ်စဉ်က ရှေးဟောင်းအသုံးအဆောင်များ၊ ရုပ်ပွားတော် အကျိုးအပဲ့များ၊ လက်ရေးစင်းအမှတ်အသား ပါသော အုတ်ချပ်ကြီးမျော တွေ့ရသည်။ သက္ကရာဇ် ၁၃၄၉ ခုနှစ်တွင် စေတီတော်ကို ထီးတော်တင်လှူပြီးသည့် နောက်ပိုင်းဒေသကျေးရွာများ အေးချမ်းလာသည်ဟူ၍ မိန့်ကြားပါသည်။

မြို့ဟောင်းရွာသည် တစ်ခေတ်တစ်ချိန်က ကရင်မင်းများ၊ မြို့စားများ ထီးမြို့နန်းမြို့ထူထောင်ခဲ့သော ရာဇဝင်သမိုင်းအရ လေ့လာသူ သုတေသီ ပညာရှင်များ မကြာခဏ လာရောက်လေ့လာလျက် ရှိကြသည်။ ထီးမြို့၊ နန်းမြို့ အင်္ဂါရပ်ဖြစ်သော မြို့ရိုးဟောင်းနေရာများ၊ ကျုံးဟောင်းနေရာများနှင့် စေတီ၊ ပုထိုးငုတ်တိုဟောင်းများကို အလေးထား လေ့လာမှတ်တမ်းပြုကြသည်။ အထူးမှာ တောင်ကြားရှိ အဝင်အထွက်တံခါးကြီးသဖွယ် ရှိနေသော နေရာကို အထူးပြုလေ့လာကြသည်။

မြို့ဟောင်းရွာ အရှေ့ဘက်၌ ရှည်လျားသော ဒေါနတောင်၏ တောင်စဉ်တောင်တန်း တည်ရှိသည်။တောင်တန်းတစ်နေရာတွင်အလွယ်တကူဝင်ထွက်သွားလာနိုင်သော တောင်ကြားတစ်နေရာရှိ သည်။ ရှေးကယောနကတိုင်းသား(ယိုးဒယား)များနှင့် မြန်မာတိုင်းရင်းသားများ ကုန်စည်ကူးသန်းသွားလာရာတွင် အသုံးပြုကြသော တောင်ကြားလမ်းဖြစ်သည်။ ရှေးက ဤဒေသ၌ ကူးသန်းသွားလာရာတွင် တတန်ကူးခေါ်သော အကွေ့အကောက်(၉)နေရာရှိသည့် ချောင်းကို ဖြတ်ကျော်ရသည်။ အကွေ့အကောက်များလှသော ချောင်းကို အတန်တန်း တကူးတက ကူးဖြတ်ရသဖြင့် "တတန်ကူးချောင်း" အမည်တွင်လာကြောင်း ဆိုကြပါသည်။ ရှေးခေတ်က မြန်မာတပ်မတော်ကြီး ယိုးဒယားသို့ စစ်ချီရာတွင် ဤတောင်ကြားလမ်းကို အများဆုံး အသုံးပြုခဲ့သည်။

တောင်စဉ်တောင်တန်းတစ်နေရာတွင် တောင်ကြားတစ်ခုတည်ရှိနေခြင်း၊ ထိုတောင်ကြားတွင် ကူးသန်းသွားလာရ လွယ်ကူ၍ စစ်ရေးစစ်ရာ စစ်ချီရာတွင်လည်း အသုံးပြုကြခြင်း၊ တစ်ဘက်တိုင်းသားတို့က ထိုတောင်ကြားကို ဝင်ထွက်အသုံးပြုကြပြီး နိုင်ငံတော်ကို မကြာခဏ လာရောက်ထိပါးသဖြင့် တံခါးစောင့်ခံတပ်မြို့တည်ထားခဲ့ခြင်း စသည့်သမိုင်းရာဇဝင်များ ပေါ်ထွန်းလာခဲ့လေသည်။

မြို့ဟောင်းရွာ ပတ်ဝန်းကျင်တွင် တောင်စဉ်တောင်တန်းများ၊ သစ်ပင်ကြီးများ ရှိနေပြီး တောကြီးမျက်မည်းသဖွယ် ဖြစ်တည်သော နေရာဖြစ်နေလေသည်။ တောင်စဉ်တောင်တန်းများအနက်

အမြင့်ပေ ၅၀၀ ခန့်ရှိသော တောင်တစ်တောင်နှင့် အမြင့်ပေ အလားတူရှိနေသော တောင်တစ်တောင်တို့တွင် တောင်ကြားတစ်နေရာရှိသည်။ ထိုတောင်ကြားမှ အရှေ့သို့ အနည်းငယ် ဖြတ်သွားလျှင် အလွန်မတ်စောက်လှသော ကျောက်ကမ်းပါးကို ဖြတ်ကျော်ရသည်။ ထိုကျောက်ကမ်းပါးယံကို လှေခါးထစ်များ ပြုလုပ်ထားပြီး ကျောက်တုံးကြီးများ စီထပ်ထားသဖြင့် တံတိုင်းကြီးသဖွယ် ဖြစ်တည်နေလေသည်။ တောင်ကြားတံခါးပေါက်သည် လူ ၂ ဦးခန့်သာ ဝင်ထွက်နိုင်သော အကျယ်အဝန်းရှိသည်။

ပိုင်တရောင့်ဒုံခေါ်သော တံခါးစောင့်ခံတပ်မြို့ကို ကျုံးပတ်လည် ဝိုင်းရံထားပြီး အံ့ဖွယ်ဆန်းကျယ်စွာ ပြုလုပ်ထားလေသည်။ ထိုကျုံးမှာ ကရင်ပြည်နယ်တွင် ရှေးမင်းများ တည်ဆောက်ထားသောအခြားကျုံးများနှင့် မတူဘဲတစ်မျိုးအံ့ဖွယ်ဆန်းကျယ်သောရေကျုံးကို ပြုလုပ်ထား လေသည်။ ရေကျုံးများမှာ အမြင့်ပေ ၅၀၀ ခန့်ရှိသောတောင်ကို ကွေ့ပတ်၍ ကျုံးတစ်တန်နှင့် တစ်တန်ရေများ၊ စီးဝင်ထွက်နိုင်စေရန် ဆက်သွယ်ထားလေသည်။ ကျုံး(၇)တန်ရှိလျက် အကန့်(၇)ကန့်ရှိနေပြီး ရေများ ဝင်ထွက် နိုင်ရန် ကျုံးထိမ်ချင်းဆက်စပ်ထားလေသည်။ ကျုံးတစ်ကန့်နှင့် တစ်ကန့် ရေလျှံမသွားစေရန် တောင်ကို ပတ်၍ရေကန်များ ပြုလုပ်ဝိုင်းရံထားလေသည်။

အမြင့်ဆုံးရှိသော ကျုံး၌ ရေပြည့်လျှံပါက ဒုတိယကျုံးတွင် ရေများဝင်လာစေရန် စီမံပြုလုပ်ထားသည်။ တစ်ဖန် ဒုတိယကျုံမှ ရေပြည့်လျှံသွားလျှင် တတိယကျုံးသို့ ရေများဝင်လာစေသည်။ ထိုသို့ ကျုံးရေများ တစ်ဆင့်မှတစ်ဆင် ကျုံတစ်တန်မှတစ်တန် ရေဝင်စေပြီး အောက်ဆုံးကျုံး၌ ရေပြည့်လျှံသောအခါ တောင်ခြေရှိ တတန်ကူးချောင်းသို့ ရေများစီးဝင်သွားစေရန် ဆက်သွယ် ထားလေသည်။

ဤသို့ဖြင့် ရန်သူများ(အထူးသဖြင့် ယောနကတိုင်းသားများ) လာရောက်တိုက်ခိုက်လျှင် တောင်ထိပ်ရှိ ခံတပ်သို့ တက်ရောက်နိုင်ရန် ကျုံး(၇)တန်(၇)ဆင့်ကို ဖြတ်ကျော်ရသည်။ ရန်သူများ အလွယ်တကူ တက်ရောက်ရန် ခက်ခဲသည့်အပြင် ရန်သူများအား ခံတပ်အပေါ်စီးမှ ပစ်ခတ်တားဆီးနိုင်လေသည်။ ရန်သူတို့သည် တောင်ကြားကို တက်ရောက်ကျော်ဖြတ်ရန် ခက်ခဲလျက်ရှိသလို ခံတပ်မြို့ကိုလည်း အလွယ်တကူ တိုက်ခိုက်၍မရနိုင်စေရန် စီမံပြုလုပ် တည်ဆောက်ထားလေသည်။

ဤသို့သော တောင်ကြားတံခါးခံတပ် တည်ဆောက်ထားပုံအရ ထိုခေတ် ထိုအချိန်က အလွန်ခက်ခဲ ကြီးမားခေတ်မှီလှသောခံတပ်တည်ဆောက်မှု တစ်ရပ်အဖြစ် နှောင်းခေတ်တွင်အံ့ဖွယ်ဘန်း မှတ်တမ်းတင်ထားကြပါသည်။

တံခါးစောင့်ခံတပ်မြို၏ မြို့ဟောင်းရှာပတ်ဝန်းကျင်တို့တွင်ကုန်းရောင်ရောင်ရှိနေသော ရှေးဟောင်း အဆောက်အအုံ ဖြစ်ခဲဟန်တူသည့် နေရာများစွာကို တွေ့ရှိရပေသည်။ တစ်နေရာတွင် အရှေ့နှင့်အနောက် တန်းနေသော တောင်ပူစာကုန်းမြင့် တစ်ခုပေါ်တွင် ပစ်စည်လုံးပတ် ၁၆ ပေခန့်ရှိသော ပျဉ်းမပင်များ ပေါက်နေလေသည်။ အမှတ်မထင် တောင်ပူစာ ထင်မှတ်ရသော ကုန်းမြင့်သည် လျောင်တော်မူ

ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ ဖြစ်နေလေသည်။ ဤမျှကြီးမားလှသော ဗုဒ္ဓရုပ်ပွား ကျောင်းတော်မှုကြီးသည် ကရင်ပြည်နယ်တွင် မတွေ့ရှိရသေးချေ။ အချို့သော နေရာများတို့တွင် မြေဩမြုတ်နေသော ရှေးဟောင်း အုတ်ချပ်ကြီးများကို တွေ့ရှိရပြီး အချို့သော နေရာတို့တွင် ရေကန်ကြီး၊ ရေကန်ငယ်သဖွယ် ဖြစ်တည်နေပေသည်။ ဤသို့သော ရေကန်ကြီး၊ ရေကန်ငယ် သဏ္ဍာန်ရှိနေသော နေရာများတွင် တစ်ချိန်က အုတ်များကို ကြီးကျယ်စွာ ထုတ်လုပ်သော အမှတ်အသားဖြစ်သည်။ ထို့အတူ စေတီ၊ ပုထိုး၊ အဆောက်အဦး ယူဆနိုင်သော ကုန်းရောင်ရောင်ရှိသည့်နေရာများကိုလည်း အနှံ့အပြားရှိသည်။ ထိုအဆောက်အအုံ ဟောင်းတို့၌ ကျိုးပဲ့ပြီး အတွင်း၌ ချော်သားဖြစ်နေသော လက်ရေးစင်းအမှတ်အသားပါ အုတ်ချက်ကြီး(၃)မျိုးကိုလည်း တွေ့ရှိရသည်။

ဇေယျမြို့၊ ဒွါရပူရမြို့ဟောင်းကို လာရောက်လေ့လာကြသော သုတေသီးပညာရှင်ကြီးများ အဆိုအရ မြို့ဟောင်းရွာ အနီးအနားတို့၌ တွေ့ရှိရသော လိပ်သည်းကျောက်နှင့် ဂဝံကျောက်အချို့မှာ ဤဒေသတွင် ထွက်ရှိသော ပစ္စည်းမဟုတ်ချေ။ သံလွင်မြစ် အနောက်ဘက်ကမ်းဒေသနှင့် သထုံဒေသတို့မှ တွေ့ရှိရသော သယံဇာတ ပစ္စည်းများဖြစ်ပြီး သထုံဒေသမှ တင်ဆောင်ယူသော ပစ္စည်းများဖြစ်မည်ဟု ခန့်မှန်းမှတ်ချက်ပေးကြပါသည်။

ထိုခန့်မှန်းချက်အရ ဆက်စပ်နိုင်သည်မှာ မျက်မှောက်၌ သုံးဆယ်သုံးဆူရွာအနီး "ကျိုက်သရိုက်"ရွာတွင် လှိုဲမြောင်ကြီး တစ်ခုရှိပြီး ဟောင်သရောမြစ်နှင့် ဆက်စပ်နေလေသည်။ တစ်ခေတ်တစ်ချိန်က ထိုနေရာတွင် လှေ၊ သမ္ဗန်များ ဆိုက်ကပ်သော ဆိပ်ကမ်းနေရာ ဖြစ်နိုင်ဖွယ်ရှိသည်။ သထုံနှင့် သံလွင်မြစ်အနောက်ဘက် ကမ်းခြေတို့မှ လိပ်သည်းကျောက်များ၊ ဂဝံကျောက်များနှင့် အခြားသော ပစ္စည်းများ တင်ဆောင်ယူပြီး ထိုမှတစ်ဆင့် တံခါးစောင့် ခံတပ်မြို့သို့ ရောက်ရှိလာခြင်းဖြစ်နိုင်ပေသည်။

သုံးဆယ့်သုံးဆူရွာနှင့် မြို့ဟောင်းသို့ ဆက်သွယ်သော လမ်းတွင် ကရင်အခေါ် "တဖေါင်းဖာဒိုး" လမ်းမကြီးရှိသည်။ ထိုလမ်းမကြီးသည် ကျိုက်သရိုက်ဆိပ်ကမ်းမှ မြို့ဟောင်းသို့ အဓိက ဆက်သွယ်သော လမ်းမကြီးဖြစ်နိုင်၏။ သံလွင်မြစ် အနောက်ဘက်ကမ်းဒေသများနှင့် သထုံဒေသတို့မှ မြို့ဟောင်း(ဇေယျမြို့)ရွာနှင့် တစ်ခေတ်တစ်ချိန်က ဆက်သွယ်သွားလာခြင်း ရှိခဲ့ကြောင်း မှတ်ယူနိုင်ပါသည်။

လက်ရှိမြို့ဟောင်းကျေးရွာ၏ အဓိက အသက်မွေးဝမ်းကြောင်းအနေဖြင့် လယ်ယာစိုက်ပျိုးခြင်း၊ တပိုင်တနိုင် မွေးမြူရေးလုပ်ငန်းများ၊ အခြားဝင်ငွေရရှိမှုအနေဖြင့် ရာသီအလိုက် သီးနှံစိုက်ပျိုးခြင်း၊ ဝဥ၊ အင်ဥ ကောက်ခြင်း၊ အိမ်းအမိုးအတွက် အင်ဖတ်ကောက်ခြင်းများ ပြုလုပ်ကြပါသည်။ ကျေးရွာတွင် အများဆုံးနေထိုင်သော လူမျိုးများမှာ ပအိုဝ်း၊ ကရင်၊ ရှမ်းတိုင်းရင်းသားများ နေထိုင်ကြပြီး ဗုဒ္ဓဘာသာများ ကိုးကွယ်ယုံကြည်ကြပါသည်။

မြို့ဟောင်းကျေးရွာ၏အရှေ့ဘက်တွင်ဒေါနတောင်တန်းရှိပြီး၊အနောက်ဘက်တွင် မောင်းမရွာသစ်၊ မြောက်ဘက်တွင် အံကလော်ရွာနှင့် တောင်ဘက်တွင် ကတိုးထ ရွာရှိပါသည်။

### ၄.၂။ ကျေးရွာရှိ အိမ်ခြေ၊ အိမ်ထောင်စုနှင့် လူဦးရေ

မြို့ဟောင်းကျေးရွာတွင် အိမ်ထောင်စု (၄၀) စု ရှိပါသည်။ ကျေးရွာအတွင်းနေ ထိုင်သောလူဦးရေမှာ အမျိုးသား (၁၃၀) ဦး၊ အမျိုးသမီး (၁၀၈)ဦး၊ စုစုပေါင်း (၂၃၈)ဦးရှိပါသည်။ ယခုအိမ်ထောင်စုနှင့် လူဦးရေစာရင်းမှာ ၂၀၁၉ ခုနှစ်၊ ဇွန်လိုင်လ တွင် ကောက်ထားသောစာရင်းဖြစ်ပါသည်။

### ၄.၃။ တိုင်းရင်းသားလူမျိုးစုများ ဦးရေ

မြို့ဟောင်းကျေးရွာတွင်နေထိုင်သော တိုင်းရင်းသားလူမျိုးစုမှာ ရှမ်း၊ကရင်၊ရှမ်းလူမျိုးဖြစ်ပါသည်။ ရှမ်းလူမျိုး အိမ်ထောင်စု (၇) စုတွင် အမျိုးသား (၂၅)ဦးနှင့် အမျိုးသမီး (၁၁)ဦး စုစုပေါင်း (၃၆)ဦး ရှိပါသည်။ ကရင်လူမျိုး အိမ်ထောင်စု (၁၀) စုတွင် အမျိုးသား (၃၂)ဦးနှင့် အမျိုးသမီး (၃၃)ဦး စုစုပေါင်း (၆၅)ဦး ရှိပါသည်။ ပအိုဝ့်လူမျိုး အိမ်ထောင်စု (၃၄) စုတွင် အမျိုးသား (၉၅)ဦးနှင့် အမျိုးသမီး (၈၃)ဦး စုစုပေါင်း (၁၇၈)ဦး ရှိပါသည်။

### ၄.၄။ ထိခိုက်လွယ်သောအိမ်ထောင်စုများအရေအတွက်

မြို့ဟောင်းကျေးရွာကျေးရွာတွင် သက်ကြီးရွယ်အို (၆၅နှစ် နှင့် အထက်) (၁၅) ဦး၊ မသန်စွမ်း (၁၂) ဦးတို့ရှိ ပါသည်။

### ၄.၅။ ကျေးရွာတွင်းရှိအထောက်ပံ့ရရှိနိုင်သော အဆောက်အအုံများ

မြို့ဟောင်းကျေးရွာတွင် မူလတန်းကျောင်း (၁)ကျောင်း၊ ဘုန်းကြီးကျောင်း (၁)ကျောင်း၊ စေတီတို့ရှိပါသည်။

### ၄.၆။ ကျေးရွာသူ/သားများ၏ အဓိက စီးပွါးရေးလုပ်ငန်းများ

ရွာသူ/သားများ၏ အဓိကစီးပွါးရေးမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ စိုက်ပျိုးရေးတွင် လယ်စိုက်ပျိုးလုပ်ကိုင်သူနှင့် ဥယျာဉ်စိုက်ပျိုးသူများဖြစ်ပါသည်။

### ၄.၇။ ကျေးရွာတွင်းပိုင်ဆိုင်မှု၊ မြေယာရေယာနှင့် သဘာဝသယံဇာတများ

လယ်/ယာမြေ၊ ဥယျာဉ်ခြံ၊ လက်တွန်းထွန်စက်၊ ကား၊ မော်တော်ဆိုင်ကယ်၊ အသေးစားအိမ်ဆိုင်များ၊ ထော်လာဂျီ၊ အပ်ချုပ်စက်၊ စက်တပ်လှေ၊ မြက်ရိတ်စက်၊ ရေတွင်း၊ ခိုင်းနွားတို့ရှိပါသည်။

### ၄.၈။ ကျေးရွာတွင်းအခြားသက်ဆိုင်သော သတင်းအချက်အလက်များ

အုပ်ချုပ်ရေးအဖွဲ့၊ ကျောင်းကော်မတီ၊ ဂေါပကအဖွဲ့၊ အိုးသူကြီးအဖွဲ့၊ သာရေး/နာရေးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ လူငယ်အဖွဲ့တို့သည်ကျေးရွာတွင်းတည်ရှိသော အဖွဲ့အစည်းများဖြစ်ပါသည်။


ကျေးရွာပြင်ပရှိ အဖွဲ့အစည်းများနှင့် ဌာနများ နှင့်လည်းချိတ်ဆက်မှုရှိပါသည်။ KNU,UNICEF, ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့၊ မသန်စွမ်းကူညီထောက်ပံ့ရေးအဖွဲ့ တို့နှင့်ချိတ်ဆက်ပါသည်။

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် အကျဉ်းချုပ်ဇယား


| နေ့စွဲ | အသုံးပြုခဲ့သော PRA Tool များ | အစည်းအဝေးတွင် ပါဝင်ဆွေးနွေးသူများ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|
| | | ကျား | မ | ပေါင်း | |
| ၈.၇.၂၀၁၉ | လူမှုရေးနှင့် အရင်းအမြစ်ပြ မြေပုံ (Social & Recourse Map) | ၅ | ၂၇ | ၃၂ | အဓိကဝင်ငွေရလုပ်ငန်းမှာ လယ်/ယာလုပ်ငန်းဖြစ်ပြီး ဒုတိယအနေဖြင့် ကျဘန်းလုပ်ငန်းဖြစ်သည်။ လွန်ခဲ့သော ၅နှစ်ခန့်မှစ၍ သစ်တောများ ပြုန်းတီးလာမှုကြောင့် ကျဘန်းလုပ်ကိုင်သူများ ဝင်ငွေရရှိမှု နည်းလာသည်။ |
| ၈.၇.၂၀၁၉ | ရာသီခွင်ပြ - ပြက္ခဒိန် (Seasonal Calendar) | ၅ | ၂၇ | ၃၂ | မွေးမြူရေးလုပ်ငန်း၊ ဝင်ငွေနည်းပါးခြင်း၊ သောက်သုံးရေရှားပါးခြင်း၊ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပွဲတော်ရက်များ။ |
| ၈.၇.၂၀၁၉ | ဥစ္စာနေကြွယ်ဝမှုအဆင့် (Wealth Ranking) | ၅ | ၂၇ | ၃၂ | အဆင်မပြေသောအိမ်ထောင်စုများသည် ပုံမှန်ဝင်ငွေမရှိသဖြင့် ကလေးများအား ကျောင်းမထားနိုင်ပါ။ ငွေကြေးအရင်းအနှီးမရှိသဖြင့် ဝင်ငွေရလုပ်ငန်းများကိုလည်း လုပ်ပိုင်ခွင့်မရှိပါ။ |
| ၈.၇.၂၀၁၉ | ပင့်ကူအိမ်သုံးသပ်ခြင်း (Spider Diagram) | ၅ | ၂၇ | ၃၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများ ၅၀%သာပူးပေါင်းပါဝင်ကြသည်။ အမျိုးသမီးအများစုသည် အိမ်မှုကိစ္စများဖြစ်သာ အချိန်ကုန်နေသဖြင့် အခြား လူမှုရေး၊ စီးပွားရေးလုပ်ငန်းတို့တွင် ပူးပေါင်းပါဝင်ရန် အခက်အခဲရှိပါသည်။ |
| ၈.၇.၂၀၁၉ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း (Asset Mapping) | ၅ | ၂၇ | ၃၂ | အပ်ချုပ်စက် အမျိုးသမီးများ သုံးစွဲမှုများသည်။ လက်တွန်းထွန်စက်၊ ထော်လာဂျီ၊ မြက်ရိတ်စက်၊ စက်တပ်လှေ၊ အမျိုးသားများ သုံးစွဲမှုများသည်။ ဆိုင်ကယ်၊ ကား၊ ရေတွင်း၊ ဘုန်းကြီးကျောင်း၊ လယ်၊ နွား တို့ကို အမျိုးသား၊ အမျိုးသမီးတို့က သုံးစွဲကြသည်။ |
| ၈.၇.၂၀၁၉ | အဖွဲ့အစည်းချိတ်ဆက်မှု (Veen Diagram) | ၅ | ၂၇ | ၃၂ | ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ အုပ်ချုပ်ရေးအဖွဲ့မှ ဦးဆောင်ပြီး ကျန်အဖွဲ့များက ပူးပေါင်းပါဝင်ကြသည်။ အဖွဲ့တိုင်းတွင် အမျိုးသမီးများပါဝင်ကြပါသည်။ ကျေးရွာပြင်ပအဖွဲ့အစည်းများနှင့် လည်းချိတ်ဆက်မှုရှိသည်။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဥ်အတွက်အသုံးပြုသောPRA Tool တစ်ခုချင်းစီ၏ သုံးသပ်ချက်များ

### ၆.၁။ မြို့ဟောင်းကျေးရွာလူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ (Social and Resource Map)



**မြို့ဟောင်းကျေးရွာ လူမှုရေးနှင့်အရင်းအမြစ်ပြ မြေပုံ၏ ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း**



ကော့ကရိတ်မြို့နယ်
ကော့ခွဲအုပ်စု

လူမှုရေးအရင်းအမြစ်ပြ
မြေပုံ

ကျေးရွာ - မြို့ဟောင်း
ရက်စွဲ - ၈. ၇. ၂၀၁၉

ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း


- အဓိက အသက်မွေးဝမ်းကျောင်း မှာ လယ်လုပ်ငန်း နှင့် ဥယျာဉ်ခြံ လုပ်ကိုင်ကြပါသည်။
- လယ်လုပ်ငန်းကို တစ်နှစ်ပတ်လုံး မလုပ်ကိုင်နိုင်ပါ။
- ကျေးရွာတွင်း ကရင်၊ ကမြန် များ မှာ အခြေတကျရှိပြီး၊ လယ်ခြံ အနည်းငယ် ရှိပါသည်။
- လွန်ခဲ့သော ငါး နှစ် အတွင်း ချောင်း၊ ငါး၊ တော တွေ နည်းပါးလာသည်။
- ကျေးရွာတွင် သီးခြားရှိသော အုပ်စုမရှိပါ။ ကရင်၊ ပအိုဝ်း အား
- လုံး အတူတကွနေထိုင်ကြပါသည်။
- ထိုင်းသို့ သွားရောက် လုပ်ကိုင်သူ အနည်းငယ် ရှိပါသည်။

တိုးတက်လိုအပ်သော အချက်များ


- စာသင်ကျောင်း
- လမ်း
- လျှပ်စစ်မီး

## ၆.၂။ ရာသီခွင်ပြ-ပြက္ခဒိန် (Seasonal Calendar)

**မြို့ဟောင်းကျေးရွာ၏ ရာသီခွင်ပြ - ပြက္ခဒိန်**



## မြို့ဟောင်းကျေးရွာ ရာသီခွင်ပြ - ပြက္ခဒိန် ၏ ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း




ကော့ကရိတ်မြို့နယ်
ကော့ခွ အုပ်စု **ရာသီခွင်ပြပြက္ခဒိန်**
ကျေးရွာ - မြို့ဟောင်း
ရက်စွဲ - ၈.၇.၂၀၁၉

**ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း**

1. အဓိကအသက်မွေးဝမ်းကြောင်းမှာ လယ်လုပ်ငန်းဖြစ်ပါသည်။
2. အိမ်ထောင်စု (၂၀) ခန့် လုပ်ကိုင်ကြသည်။
3. လယ်ကို တစ်နှစ်ပတ်လုံး မလုပ်ကိုင်ပါ။
4. လယ်လုပ်ငန်း မလုပ်ပါက ကျပန်း လုပ်ကိုင်ကြပါသည်။
5. တစ်ရက်ပျမ်းမျှဝင်ငွေမှာ (၅၀၀၀) ဖြစ်ပါသည်။
6. ဝင်ငွေနှင့် ထွက်ငွေ လုံလောက်မှုမရှိပါ။ ထို့ကြောင့် ငွေချေးယူခြင်း၊ အိမ်မွေးတိရစ္ဆာန်များကို ရောင်းခြင်းဖြင့် ဖြေရှင်းပါသည်။
7. အမျိုးသား၊ အမျိုးသမီး လုပ်အားခ တန်းတူရပါသည်။
8. အမျိုးသမီး လုပ်ကိုင်သောလုပ်ငန်းများမှာ လယ်၊ ကျပန်း တို့ဖြစ်ပါသည်။
9. အမျိုးသမီးများ၏ အသက်မွေးဝမ်းကြောင်းနှင့် ပတ်သက်၍ ပြဿနာမရှိပါ။

## ၆.၃။ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း (Wealth Ranking)

**မြို့ဟောင်းကျေးရွာ၏ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်းပြဇယား**



ဥစ္စာဓနကြွယ်ဝမှုဇယား

မြို့နယ် - ကော့ကရိတ်
အုပ်စု - ကော့နွဲ

ကျေးရွာ - မြို့ဟောင်း
ရက်စွဲ - 8.7.19

| အမျိုးအစား | သတ်မှတ်ချက် | အိမ်ထောင်စုအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| အဆင်ပြေသောအိမ်ထောင်စု | ပျဉ်ထောင်အိမ်/လယ်၊ ခြံ အနည်းငယ်ပိုင်၊ ဆိုင်ကယ်၊ ထော်လာဂျီ၊ | 10 | 25 % |
| အလယ်အလတ်အိမ်ထောင်စု | ပျဉ်ထောင်အိမ်၊ ခြံ၊ [illegible]၊ ဆိုင်ကယ် | 20 | 50 % |
| အဆင်မပြေသောအိမ်ထောင်စု | ဖက်မိုးအိမ်၊ နေ့စား၊ ကျပန်း | 10 | 25 % |
| | စုစုပေါင်း | 40 | 100 % |

ဦးဆောင်ဆွေးနွေးသူ - [illegible]

ပါဝင်ဆွေးနွေးသူ - ကျ(5)+မ(27)

**မြို့ဟောင်းကျေးရွာ ဥစ္စာခနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း၏ ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း**

မြို့နယ် - ကော့ကရိတ်　　　　ကျေးရွာ - မြို့ဟောင်း

အုပ်စု - ကော့နွဲ　　　　ရက်စွဲ - ၈.၇.၂၀၁၉


## ဥစ္စာခနကြွယ်ဝမှုပြဇယား

## ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း


- အဆင်မပြေသောအိမ်ထောင်စု ၇၀ စု ရှိသည်။
- အဆင်မပြေရခြင်းမှာ ငွေကြေးအရင်းအနှီးမရှိခြင်း၊ သားသမီးများခြင်းကြောင့် ဖြစ်သည်။
- အဆင်မပြေသောသူများ၊ ကျေးရွာပွဲ/ဖိုးရေးတွင်ပါဝင်လာအောင် သူတို့အားလပ်သောအချိန်ကို ရွေးပြီး အသည်းအဝေးပြုလုပ်ပေးခြင်း၊ လုပ်ငန်းဝတင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း ပေါ်ကြီး ပေးခြင်းဖြင့် ပါဝင်လာအောင် ကူညီနိုင်ပါသည်။
- စာသင်ကျောင်းဆောက်လုပ်ခြင်း၊ လမ်းပေါ်ဖောက်လုပ်ခြင်း လုပ်ငန်းများသည် အဆင်မပြေသောသူများ အတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး၊ ကျေးရွာလည်း ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။

### ၆.၄။ ကျား-မ ပင့်ကူအိမ်သုံးသပ်ခြင်း (Spider Diagram)

**မြို့ဟောင်းကျေးရွာ၏ ပင့်ကူအိမ်သုံးသပ်ခြင်း ပုံစံ**



## မြို့ဟောင်းကျေးရွာ ပင့်ကူအိမ်သုံးသပ်ခြင်း၏ ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း



ကော့ကရိတ်မြို့နယ်
ကော့ခွဲအုပ်စု
ကျေးရွာ-မြို့ဟောင်း
အုပ်စု-
ပင့်ကူအိမ်သုံးသပ်ခြင်း
ရက်စွဲ -၈.၇.၁၉

ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

- အမျိုးသမီးများ၏ ပညာတတ်မြောက်မှု၊ ဆုံးဖြတ်ချက်ချနိုင်မှု၊ အလုပ်အကိုင် အခွင့်အလမ်း၊ ဝင်ငွေရှာဖွေနိုင်မှု၊ ယုံကြည်မှု အမျိုးသားထက်နည်းသည်။
- အမျိုးသမီးများသည် အိမ်မှုကိစ္စနှင့်ကလေးထိန်းရသောကြောင့် ဝင်ငွေရှာဖွေနိုင်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းတွင် နည်းသည်။
- ဆုံးဖြတ်ချက်ချရာတွင် အမျိုးသမီးများသည် အတွေ့အကြုံနည်းခြင်း၊ ရှေးရိုးစွဲ အယူအဆကြောင့် အမျိုးသားထက်နည်းသည်။
- အမျိုးသားများနှင့်ယှဉ်၍ အမျိုးသမီးများ ပို၍တွေ့ရသော အခက်အခဲမှာ အိမ်မှုကိစ္စတွင် အချိန်ပေးရပြီး၊ ရှေးမဆိုရိုးစွဲ အယူအဆဖြစ်သည်။

## ၆.၅။ ပိုင်ဆိုင်မှုသုံးသပ်ခြင်း (Asset Mapping)

**မြို့ဟောင်းကျေးရွာ၏ ပိုင်ဆိုင်မှုသုံးသပ်ခြင်း ပြဇယား**



## မြို့ဟောင်းကျေးရွာ ပိုင်ဆိုင်မှုသုံးသပ်ခြင်းပြဇယား၏ ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း

မြို့နယ် - ကော့ကရိတ်
အုပ်စု - ကော့နွဲ

ကျေးရွာ - မြို့ဟောင်း
ရက်စွဲ - ၈.၇.၂၀၁၉

### ပိုင်ဆိုင်မှုဆန်းစစ်ခြင်း

### ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း


- အမျိုးသမီးသီးသန့် အသုံးပြုသောအရင်းအမြစ်များမှာ အပ်ချုပ်စက်၊ လက်ဝတ်ရတနာ တို့ဖြစ်သည်။
- အမျိုးသားသီးသန့် အသုံးပြုသောအရင်းအမြစ်မှာ ထွန်စက် ဖြစ်သည်၊
- နှစ်ဦးစလုံး အသုံးပြုသော အရင်းအမြစ်မှာ ဘုန်းကြီးကျောင်း၊ ဆိုင်ကယ်၊ စက်ဘီး၊ ရေတွင်း လယ် တို့ဖြစ်သည်။
- အမျိုးသမီးသီးသန့်ထိန်းချုပ်သောအရင်းအမြစ်မှာ အပ်ချုပ်စက်၊ လက်ဝတ်ရတနာ တို့ဖြစ်သည်
- အမျိုးသားသီးသန့်ထိန်းချုပ်သောအရင်းအမြစ်မှာ ထွန်စက်၊ ဘုန်းကြီးကျောင်းတို့ဖြစ်သည်။
- ဆိုင်ကယ်၊ စက်ဘီး၊ ရေတွင်း၊ လယ်တို့ နှစ်ဦးစလုံးထိန်းချုပ်သည်၊
- ထိုအရင်းအမြစ်များကိုအသုံးပြုနိုင်ရန် နှစ်ဦးစလုံးက ဆုံးဖြတ်ချက်ချသည်က ပိုများသည်။

## ၆.၆။ အဖွဲ့အစည်းချိတ်ဆက်မှုဇယား (Venn diagram)

**မြို့ဟောင်းကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှုဇယားပြပုံ**



## မြို့ဟောင်းကျေးရွာ အဖွဲ့အစည်းချိတ်ဆက်မှုဇယား၏ ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း



မြို့နယ် - ကော့ကရိတ်
အုပ်စု - ကော့ခွဲ
ကျေးရွာ - မြို့ဟောင်း
ရက်စွဲ - ၈.၇.၂၀၁၉

အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား
ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

- စာရင်းထဲတွင်ပါဝင်သော အဖွဲ့မရှိပါ။
- လူငယ်အဖွဲ့၊ အိုးသူကြီး၊ မိန်းမကြီး၊ ဂေါပကအဖွဲ့သည် လူမှုရေး ဘာသာရေး တွင်အဓိက ပါဝင်သည်။
- ဂေါပကအဖွဲ့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော အခန်းကဏ္ဍတွင်ပါဝင်သည်။
- ကျေးရွာ စီမံခန့်ခွဲမှုအဖွဲ့သည် ကျေးရွာဖွံ့ဖြိုးရေးတွင် ပါဝင်သည်။
- ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့သည် DRD ၊ လူထုဗဟိုပြုစီမံကိန်း အုပ်စုအုပ်ချုပ်သူများနှင့် ချိတ်ဆက်သည်။
- KNU ၊ မသန်စွမ်းကူညီထောက်ပံ့ရေးအဖွဲ့၊ ကျန်းမာရေးအဖွဲ့၊ ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့၊ ပုနီအသင်းသည် ကျေးရွာလူထုနှင့်ချိတ်ဆက်သည်။

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံ






## ၈။ ကျေးရွာကော်မတီဝင်များစာရင်း

| စဉ် | အမည် | ကျား | မ | ရာထူး / တာဝန် |
|---|---|---|---|---|
| ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီ | | | | |
| ၁။ | ဦးစိန်ထွန်းလှိုင် | ကျား | | ဥက္ကဌ |
| ၂။ | ဒေါ်စိန်သန်း | | မ | ဥက္ကဌ |
| ဝယ်ယူရေးဆပ်ကော်မတီ | | | | |
| ၁။ | ဒေါ်သောင်းငွေ | | မ | ခေါင်းဆောင် |
| ၂။ | ဒေါ်ထွေးကြည် | | မ | အဖွဲ့ဝင် |
| ၃။ | ဦးထွန်းဦး | ကျား | | အဖွဲ့ဝင် |
| ကျေးရွာငွေစာရင်းကိုင် | | | | |
| ၁။ | ဒေါ်နီလာခင် | | မ | |
| စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | | | | |
| ၁။ | ဦးသန်းစိုး | ကျား | | ခေါင်းဆောင် |
| ၂။ | ဒေါ်သန်းခင် | | မ | အဖွဲ့ဝင် |
| ၃။ | | | | အဖွဲ့ဝင် |
| လုပ်ငန်းလည်ပတ် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ | | | | |
| ၁။ | ဒေါ်ကြည်အောင် | | မ | ခေါင်းဆောင် |
| ၂။ | ဦးတင်ဦး | ကျား | | အဖွဲ့ဝင် |
| ၃။ | | | | အဖွဲ့ဝင် |
| ဝေဖန်အကြံပြု တိုင်ကြားဖြေရှင်းရေး ကိုယ်စားလှယ် | | | | |
| ၁။ | ဒေါ်မြင့်ဝေ | | မ | |
| ၂။ | ဦးစိုးနိုင် | ကျား | | |
| ကျေးရွာစေတနာ့ဝန်ထမ်းများ | | | | |
| ၁။ | ဒေါ်စန်းမြိုင် | | မ | |
| ၂။ | ဒေါ်အဘိ | | မ | |

## ၄။ ကျေးရွာအခြေခံအချက်အလက် ပုံစံ စ - ၁ (PC – 1)



**ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)**

လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီးသွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအားကျေးရွာအချက်အလက်များကိုမေတ္တာရပ်ခံ၍တောင်းခံရသည်။ဤအချက်အလ ဤအချက်အလက်များကိုစီမံကိန်းမိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏အမည် |
|---|---|---|
| [illegible] | 09767168597 | နန်းစန္ဒာသင်း |

| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| - ကရင် | - ကော့ကရိတ် | - ကော့နံ | - မြို့ဟောင်း |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁)-ပအိုဝ် | 29 | ဘာသာ(၁)-ဗုဒ္ဓ----- | 40 |
| လူမျိုးစု (၂)-ကရင်--- | 7 | ဘာသာ(၂)------------ | |
| လူမျိုးစု (၃)------------ | | ဘာသာ(၃)------------ | |
| လူမျိုးစုရော---ရှမ်း---- | 4 | ဘာသာရော----------- | |
| အခြား | | | |

| | အရေအတွက် |
|---|---|
| မသန်စွမ်းသူများ | 12 |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | 15 |
| စစ်ဘေးရှောင် | |

| | အမျိုးသား(အရေအတွက်) | အမျိုးသမီး(အရေအတွက်) | စုစုပေါင်းအရေအတွက် |
|---|---|---|---|
| လူဦးရေ | | | |
| လူမျိုးစု (၁)--ပအိုဝ်- | 86 | 79 | 165 |
| လူမျိုးစု (၂)--ကရင်- | 26 | 19 | 45 |
| လူမျိုးစု (၃)---ဗမာ--- | 18 | 10 | 28 |
| အခြား | | | |
| အိမ်ထောင်ဦးစီး | 31 | 9 | 40 |

(ခ)အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေးအဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက်<br>၈.၆.၈ ပွဲ ၁ | | မှတ်ချက် | | မှတ်ချက် | |

(ဂ)ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သောကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂)ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☑ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☑ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် — | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့်လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ(အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | (မြေသားလမ်း) | လူသွားလမ်း | အခြား ____________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/မရှိပါ✓/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃) ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ပဟိုမှငင်းကျေးရွာအုပ်စု၏ပဟိုအထိခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--3-----/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုပဟိုအထိသွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်-20 min----ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/

အခြား ------------------

မိုးရာသီတွင်ကြာချိန်-----30 min---------ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/

အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင်ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ--------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ(သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ----------------------------------

(၂) ---------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည်

ကျေးရွာခေါင်းဆောင်

အမည် [illegible]

လက်မှတ် [illegible] နေ့စွဲ 5.6.၂၀၁၉

လူထုစည်းရုံးရေးမှူး

အမည် [illegible]

လက်မှတ် [illegible] နေ့စွဲ 5-6-2019

## ၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား ပုံစံ စ - ၂ (PC – 2)

### ပုံစံ - စ-၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

လမ်းညွှန်ချက်။
သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှစီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်းကျေးရွာနှင့် ကျေးရွာအုပ်စုအတွက်ဤပုံစံကိုဖြည့်သွင်းရမည်။

စည်းရုံးရေးမှူး/လက်ထောက်နည်းပညာရေးမှူးဝန်ထမ်း အမည် - နန်းစန္ဒာသင်း / နန်းစန္ဒာရှိ

နေ့စွဲ - .

စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း (၄)

| ပြည်နယ်/တိုင်း ကရင် | မြို့နယ် ကော့ကရိတ် | ကျေးရွာအုပ်စု ကော့နွံ | ကျေးရွာ - မြို့ဟောင်း |
|---|---|---|---|

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | | |
|---|---|---|---|---|---|---|---|---|
| | စတင်သည့် နေ့ | ပြီးဆုံးသည့် နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် | အိမ်ထောင်စု ပေါင်း | အိမ်ထောင်စု % |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 8.7.19 | 8.7.19 | 5 | 27 | 32 | ကရင် - 6<br>ပအိုဝ် - 21<br>ရှမ်း - 5 | 40 | 80 % |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 8.7.19 | 8.7.19 | 5 | 27 | 32 | ကရင် - 6<br>ပအိုဝ် - 21<br>ရှမ်း - 5 | 40 | 80 % |
| ၃။ ကျေးရွာအုပ်စုလုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | | | | | | ǀ<br>ǀ | | |
| ၄။ မြို့နယ်အဆင့်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှုအစည်းအဝေး | | | မလို | မလို | မလို | မလို | | |
| ၅။ မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေးအကြောင်းကြားသည့်အစည်းအဝေး | | | | | | ǀ<br>ǀ | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | မလို | မလို | မလို | မလို | မလို | မလို | မလို | မလို |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | ǀ<br>ǀ | | |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | ǀ<br>ǀ | | |
| ၆.၃။ဘဏ္ဍာရေးကုန်ကျမှုလျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | ǀ<br>ǀ | | |
| ၆.၄။ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | ǀ<br>ǀ | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | မလို | မလို | မလို | မလို | မလို | မလို | မလို | မလို |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | ǀ | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | ǀ | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | ǀ | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | ǀ<br>ǀ | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | ǀ<br>ǀ | | |

## ၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ပုံစံ စ - ၃ (PC – 3)

### ပုံစံ - စ-၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

လမ်းညွှန်ချက်။ အဆင့်(၃)ကျေးရွာမျှော်မှန်းချက်အစည်းအဝေးပြီးဆုံးသောအခါကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် နန်း စန္ဒာသင်း

| နေ့စွဲ | စက်ဝန်းအား အမှတ်ခြစ်ပါ ( √) |
|---|---|
| ၈. ၇. ၂၀၁၉ | ☐ စက်ဝန်း (၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း(၄) |

| ပြည်နယ်/တိုင်း | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ကရင် | ကော့ကရိတ် | ကော့ဒွဲ | မြို့ဟောင်း |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင်ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|
| မြို့ဟောင်း - ကော့ဒွဲ ကျေးရွာချင်းဆက်လမ်း မကောင်းသောကြောင့် သွားလာရခက်ခဲခြင်း | ☐ ကျား ☐ မ ☑ ကျား + မ |
| လျှပ်စစ်မီး မရှိသောကြောင့် [illegible] ထမင်းဟင်းချက်ရာတွင် ထင်း၊ မီးသွေး၊ ရှားပါးလာသောကြောင့် အခက်အခဲရှိခြင်း | ☐ ကျား ☐ မ ☑ ကျား + မ |
| စာသင်ကျောင်း မလုံလောက်သောကြောင့် ကလေးများ ပညာသင်ကြားရာတွင် အခက်အခဲရှိခြင်း | ☐ ကျား ☐ မ ☑ ကျား + မ |
| ကျောင်းခြံစည်းရိုး မကောင်းသောကြောင့် ကျောင်းလုံခြုံမှုအားနည်းခြင်း | ☐ ကျား ☐ မ ☑ ကျား + မ |
| စိုက်ပျိုးရေး နည်းပညာ၊ မျိုးကောင်း မျိုးသန့် အားနည်းသောကြောင့် စပါးအထွက်နည်းနည်း | ☑ ကျား ☐ မ ☐ ကျား + မ |
| ကျောင်းဆရာမ မလုံလောက်သောကြောင့် ကလေးများ ပညာသင်ကြားရာတွင် အခက်အခဲဖြစ်ခြင်း | ☐ ကျား ☐ မ ☑ ကျား + မ |
| မွေးမြူရေး နည်းပညာ (မျိုးကောင်းမျိုးသန့်) အားနည်းသောကြောင့် [illegible] တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများတွင် အခက်အခဲရှိခြင်း | ☐ ကျား ☑ မ ☐ ကျား + မ |
| အလုပ်အကိုင်ရှားပါးသောကြောင့် ဝင်ငွေနည်းပါးခြင်း | ☐ ကျား ☐ မ ☑ ကျား + မ |
| | ☐ ကျား ☐ မ ☐ ကျား + မ |
| | ☐ ကျား ☐ မ ☐ ကျား + မ |
| | ☐ ကျား ☐ မ ☐ ကျား + မ |
| | ☐ ကျား ☐ မ ☐ ကျား + မ |

ခ။ မျှော်မှန်းခြင်း- နောင်လာမည့် (၅) နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျှာထားချက်များအား တင်ပြပါ။

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|
| ကျေးရွာ - မြို့ လမ်း ဆက်သွယ်ကောင်းမွန်လာပြီး သွားလာရာတွင် အဆင်ပြေလာစေရန် | ☐ ကျား ☐ မ ☑ ကျား+ မ |
| လျှပ်စစ်မီးရရှိလာပြီး ပညာရေး၊ စီးပွားရေး ပိုမိုတိုးတက်လာစေရန် | ☐ ကျား ☐ မ ☑ ကျား+ မ |
| စာသင်ကျောင်းဆောင် လုံလောက်စွာရရှိလာပြီး ကလေးများ ပညာသင်ကြားရာတွင် အဆင်ပြေလာစေရန်။ | ☐ ကျား ☐ မ ☑ ကျား+ မ |
| စာသင်ကျောင်းခြံစည်းရိုး ရရှိလာပြီး ကျောင်းလုံခြုံမှုရရှိစေရန် | ☐ ကျား ☐ မ ☑ ကျား+ မ |
| စိုက်ပျိုးရေးနည်းပညာနှင့် မျိုးကောင်းမျိုးသန့် ရရှိလာပြီး စပါးအထွက်တိုးလာစေရန် | ☑ ကျား ☐ မ ☐ ကျား+ မ |
| ကျောင်းဆရာမ လုံလောက်စွာရရှိလာပြီး ကလေးများ ပညာသင်ကြားရာတွင် ပိုမိုအဆင်ပြေလာစေရန် | ☐ ကျား ☑ မ ☑ ကျား+ မ |
| မွေးမြူရေးနည်းပညာနှင့် မျိုးကောင်းမျိုးသန့်ရရှိလာပြီး စီးပွားရေးပိုမိုအဆင်ပြေလာစေရန် | ☐ ကျား ☑ မ ☐ ကျား+ မ |
| အသက်မွေးဝမ်းကြောင်း သင်တန်းရရှိလာပြီး ဝင်ငွေတိုးများလာစေရန် | ☐ ကျား ☐ မ ☑ ကျား+ မ |
| | ☐ ကျား ☐ မ ☐ ကျား+ မ |
| | ☐ ကျား ☐ မ ☐ ကျား+ မ |
| | ☐ ကျား ☐ မ ☐ ကျား+ မ |
| | ☐ ကျား ☐ မ ☐ ကျား+ မ |

ဂ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဥ်များအားဖော်ပြပါ။

| ဦးစားပေး အဆင့် သတ်မှတ်ချက် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+အမျိုးသမီး) | အခန်းကဏ္ဍ | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူခန့်မှန်းခြေအရေအတွက် | | |
|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း |
| ၁ | [illegible]ကျောင်း(ခွဲ) ကျောင်းဆောင် ပြုပြင်[illegible]ခြင်း | က + မ | ပညာရေး | 26,000,000 | 130 | 108 | 238 |
| ၂ | [illegible]ကျောင်း(ခွဲ) ကျောင်း ခြံစည်းရိုး ဆောက်လုပ်ရန် | က + မ | ပညာရေး | 15,000,000 | 130 | 108 | 238 |
| ၃ | လျှပ်စစ်မီး ရရှိရေး | က + မ | စီးပွားရေး | 30,000,000 | 130 | 108 | 238 |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၄ | မြို့ကောင်း-ကျော့ခွဲ အုပ်စုချင်းဆက်လမ်း | ကျ+မ | လမ်းတံတား | 35,000,000 | 130 | 108 | 238 |
| ၅ | | | | | | | |
| ၆ | | | | | | | |
| ၇ | | | | | | | |


ဃ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျိုးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | | အခန်းကဏ္ဍ |
|---|---|---|---|---|
| ၁ | ကျောင်းဆရာ မလုံလောက်မှု ဖြည့်တင်းရေး | ကျ+မ | | ပညာရေး |
| ၂ | စိုက်ပျိုးရေး နည်းပညာနှင့် မျိုးကောင်း မျိုးသန့် ရရှိရေး | ကျ | | စိုက်ပျိုးရေး |
| ၃ | မွေးမြူရေး နည်းပညာနှင့် မျိုးကောင်း မျိုးသန့် ရရှိရေး | မ | | [illegible] အခြား |
| ၄ | အသက်မွေးဝမ်းကြောင်း သင်တန်းများ ရရှိရေး (စက်ချုပ်၊ စက်ပြင်) | ကျ+မ | | အခြား |
| ၅ | | | | |
| ၆ | | | | |
| ၇ | | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှအတည်ပြုသည်။

အမည် ---[illegible]--- လက်မှတ် ---[illegible]--- နေ့စွဲ ---31.7.2019---

## ၁၂။ ကျေးရွာပထမအကြိမ်၊ ဒုတိယအကြိမ် အစည်းအဝေးမှတ်တမ်း



အစည်းအဝေးခေါင်းစဉ် 1st, 2nd meeting

နေရာ မြို့ဟောင်းဘုန်းကြီးကျောင်း

နေ့ရက် 8.7.2019

အချိန် မှ 1:30 PM ပြီး 2:30 PM

ဆွေးနွေးသည့် အကြောင်းအရာ

၁။ မိမိကိုယ်ကို မိတ်ဆက်ခြင်း၊ စောင့်ထိန်းရမည့်ကျင့်ဝတ်၊ မိမိတို့၏ တာဝန်များအား ရှင်းပြခြင်း။
အဖွဲ့ဝင်တာဝန်ရှိသူနှင့် တာဝန်အား ရှင်းပြခြင်း။

၂။ စေတနာ့ဝန်ထမ်းအား ပြန်လည်အတည်ပြုရွေးချယ်ခြင်း။
PRA-Tools များအား ပြန်လည်မွမ်းမံချပြခြင်း။

၃။ အခက်အခဲ၊ ပြဿနာ၊ မျှော်မှန်းချက်၊ လုပ်ငန်းစဉ်များ အား ပြန်လည်အတည်ပြုခြင်း။
ဦးစားပေးလုပ်ငန်းပြန်လည်ရွေးချယ်အတည်ပြုခြင်း။

၄။ အကျိုးဝင်/မဝင် အကာအကွယ်များအား ရှင်းပြခြင်း။
ကော်မတီဝင်များအား ပြန်လည်အတည်ပြုမွမ်းမံခြင်း။

၅။


| စဉ် | အစည်းအဝေးဆုံးဖြတ်ချက်များ | ဆောင်ရွက်မည့်သူ |
|---|---|---|
| ၁။ | စေတနာ့ဝန်ထမ်းအား ပြန်လည်အတည်ပြုရွေးချယ်ခဲ့သည်။ | ရွာလူထု |
| ၂။ | PRA-Tools များအား ပြန်လည်မွမ်းမံချပြခဲ့သည်။ | ။ |
| ၃။ | ပထမဦးစားပေး - မူလတန်းကျောင်းခွဲကျောင်းဆောင် ပြုပြင်တိုးချဲ့ခြင်း၊ ဒုတိယဦးစားပေး - မူလတန်းကျောင်းခွဲကျောင်းခြံစည်းရိုး ဆောက်လုပ်ရန် - တတိယဦးစားပေး - ကျွဲဆပ်ဖို စသောလုပ်ငန်းများအား ပြန်လည်ရွေးချယ်ခဲ့သည်။ | ။ |
| ၄။ | ကော်မတီဝင်အချို့ကို အသစ်ပြန်လည်ရွေးချယ်ခဲ့ပါသည်။ | ။ |
| | | |

မှတ်တမ်းတင်သူ

အမည်/ ရာထူး---နန်းခွန်သည် / CF

လက်မှတ်/ရက်စွဲ---Shin / 8.7.2019

## ၁၃။ ကဏ္ဍအလိုက်အနှစ်ချုပ်ဇယား



ကော့ခွဲ အုပ်စု ( မြို့ဟောင်း )

ကဏ္ဍအလိုက် လုပ်ငန်းချုပ်ဇယား

| ကဏ္ဍ | စဉ် | လုပ်ငန်းအမျိုးအစား | အဆိုပြုသူ(အမှန်ခြစ်ရန်) | | | ခုနှစ် | ထောက်ပံ့မည့်အဖွဲ့အစည်း (သို့)ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား+မ | | | |
| အခြေခံအဆောက်အဦကဏ္ဍ (လမ်း/တံတား/ရေရရှိရေး/မီးလင်းရေး) | ၁ | မြို့ဟောင်း -ကော့ခွဲ ရွာချင်း ဆက်လမ်း ရရှိရေး | | | ✓ | 2018/2019 | | |
| | ၂ | အုပ်ထိန်းမီး ရရှိရေး | | | ✓ | 2018/2019 | | |
| | ၃ | ရွာတွင်းဂဝံမြေ ဘားလမ်း | ✓ | | | 2018/ | CDD (မြို့) | (မြို့) |
| | ၄ | ရေနုတ်မြောင်း ရရှိရေး | | | ✓ | 2018/ | | |
| | ၅ | | | | | | | |
| လူမှုစီးပွားကဏ္ဍ (ပညာရေး/ ကျန်းမာရေး နှင့် ဆိုင်သောအဆောက်အဦများနှင့် အခြားလိုအပ်ချက်များ) | ၁ | ကျောင်း အားကစားကွင်း ရရှိရေး | ✓ | | | 2018 | | |
| | ၂ | မူလတန်းကျောင်း(ခွဲ) ကျောင်း ဆောင်ပြုပြင်တိုးချဲ့ခြင်း | | | ✓ | 2019 | | |
| | ၃ | မူလတန်း ကျောင်းခွဲ ကျောင်း ဝိုင်းရုံ ခြံစည်းရိုး ဆောက်လုပ်ရန် | | | ✓ | 2019 | | |
| | ၄ | ကျောင်းဆရာမ ရုံးဆောက်ရွာ ရရှိရေး | | | ✓ | 2019 | | |
| | ၅ | | | | | | | |
| သက်မွေးဝမ်းကျောင်းကဏ္ဍ (စိုက်ပျိုးရေး/ မွေးမြူရေး နှင့် ဆိုင်သော အဆောက်အဦများ နှင့် အခြား လိုအပ်ချက်များ) | ၁ | အလုပ်အကိုင်အခွင့်အလမ်း ရရှိရေး | | | ✓ | 2018 | | |
| | ၂ | စိုက်ပျိုးရေးနည်းပညာသင် တန်း ရရှိရေး၊ မျိုးကောင်းမျိုးသန့် | ✓ | | | 2018/2019 | | |
| | ၃ | မွေးမြူရေး နည်းပညာနှင့်မျိုး ကောင်း မျိုးသန့် ရရှိရေး | | ✓ | | 2019 | | |
| | ၄ | အသက်မွေးဝမ်းကြောင်း သင် တန်း ရရှိရေး (စက်ချုပ်စက်ဖြင့်) | | | ✓ | 2019 | | |
| | ၅ | | | | | | | |
| သဘာဝဘေးအန္တရာယ် လျော့ပါးရေး ကဏ္ဍ | ၁ | | | | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| အခြားကဏ္ဍ (ဌာနဆိုင်ရာများသို့ လွှဲပြောင်းနိုင်ခြင်း နှင့် အကောင်အထည် ဖော်ဆောင်ရွက်ပေးနိုင်ခြင်းမရှိ သော လုပ်ငန်းများ) | ၁ | | | | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |